# နအဖစစ်တပ်က အရပ်သားများကိုတိုက်ရန် မြေမြှုပ်မိုင်းများ ကျယ်ကျယ်ပြန့်ပြန့်သုံးနေ

NEJ / ၂၀ ဒီဇင်ဘာ ၂၀၀၆ / ၁၈း၃၀


Photo-FBR

မြေမြှုပ်မိုင်းကြောင့် သေဆုံးရသူတဦး

အရပ်သားများကို အကြမ်းဖက်တိုက်ခိုက်ရန်နှင့် ကောက်ရိတ်သိမ်းမှု အဟန့်အတားဖြစ်စေရန်အတွက် မြန်မာစစ်တပ်က မြေမြှုပ်မိုင်းများ ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုနေခြင်းကို ရပ်တန်းကရပ်ရန် နယူးယောက်အခြေစိုက် လူ့အခွင့်အရေးလေ့လာစောင့်ကြည့်ရေးအဖွဲ့ (HRW) က ယနေ့ပြောကြားသည်။

ယခင်လ ကောက်ရိတ်သိမ်းချိန်မှစ၍ ရွာသားများ ကောက်ပဲသီးနှံရိတ်သိမ်းမှု မလုပ်နိုင်ရန် ၎င်းတို့၏ နေအိမ်များရှေ့၊ စပါးခင်းများတဝိုက်နှင့် လယ်ကွင်းသို့သွားရာ လမ်းများပေါ်တွင် မြန်မာစစ်သားများက မြေမြှုပ်မိုင်းများ တိုးမြှင့်ချထားသည်ဟု ရွာသားများနှင့် ကယ်ဆယ်ရေးလုပ်သားများကို ကိုးကား၍ HRW က သတင်းထုတ်ပြန်သည်။

ညောင်လေးပင်ခရိုင်ရှိ မုန်းမြို့နယ်နှင့် ကရင်ပြည်နယ်မြောက်ပိုင်းဒေသများ၌ ထိုသို့လုပ်ဆောင်နေသောကြောင့် အရပ်သားများ အန္တရာယ်ကင်းဝေးစေရေးနှင့် အစားအစာရရှိရေးတို့အတွက် စိုးရိမ်ပူပန်သည်ဟု HRW ကပြောသည်။

ယင်းအဖွဲ့မှ အာရှဒေသဆိုင်ရာဒါရိုက်တာ ဘရက်အဒမ်စ်က “တိုင်းရင်းသားလက်နက်ကိုင်အုပ်စုတွေကို သူတို့ရဲ့လူထုနဲ့ တသီးတခြားစီဖြစ်အောင် ခွဲထားဖို့ရည်ရွယ်ချက်နဲ့ မြန်မာစစ်တပ်က မြေမြှုပ်မိုင်းတွေနဲ့ တခြားပေါက်ကွဲစေတတ်တဲ့အရာတွေချထားပြီး အရပ်သားတွေကို သေကျေဒဏ်ရာရအောင်လုပ်နေတယ်” ဟု သတင်းထုတ်ပြန်ချက်တွင် ပြောကြားသည်။


Photo-FBR

မြေမြှုပ်မိုင်းမြှုပ်ခဲ့သည့်တွင်းတတွင်း

ပြီးခဲ့သည့်သီတင်းပတ်အတွင်း ကရင်ပြည်နယ်မြောက်ပိုင်း မုန်းမြို့နယ် ဘောခ္ဒီးဒေးဒေသရှိ ကျေးရွာတရွာ၌ မြန်မာစစ်တပ်၏ မြေမြှုပ်မိုင်းကြောင့် ရွာသား (၃) ဦးသေဆုံးပြီး (၈) ဦး ဒဏ်ရာရကာ ယခုနှစ်အတွင်း ကရင်ပြည်နယ်မြောက်ပိုင်း၌ အရပ်သားပေါင်း မြောက်မြားစွာ မြေမြှုပ်မိုင်းကြောင့် သေဆုံးဒဏ်ရာရသည်ဟု HRW ကဆိုသည်။

မြန်မာစစ်တပ်သည် အရပ်သားများကို လူသားမိုင်းရှင်းကိရိယာအဖြစ် အသုံးပြုကြောင်း၊ တပ်မ (၆၆) မှ နအဖစစ်သားများက တောင်ငူခရိုင်ရှိ ရွာ (၁၂) ရွာမှ အရပ်သားများကို ယခုလအတွင်း တောင်ငူနှင့် မော်ချီးအကြား ကားလမ်းများတွင် တပ်များ၏ရှေ့မှ လမ်းလျှောက်ခိုင်းခြင်း၊ ထွန်စက်စီးခိုင်းခြင်းတို့ လုပ်ဆောင်ခဲ့ကြောင်း သတင်းများရရှိသည်ဟု လူ့အခွင့်အရေးအဖွဲ့ကပြောသည်။

မြေမြှုပ်မိုင်းနင်းမိသူများကို နအဖစစ်အစိုးရက ရုံဖန်ရံခါတွင် နိုင်ငံပိုင်ပစ္စည်းဖျက်ဆီးမှုဖြင့် ဒဏ်ငွေတပ်ခြင်းရှိသကဲ့သို့ သေဆုံးသွားပါက မိသားစုကို အမေရိကန် (၁၀) ဒေါ်လာခန့်နှင့်ညီမျှသည့် မြန်မာကျပ်ငွေပေးခြင်းရှိကြောင်းလည်း HRW က တင်ပြထားသည်။

အစိုးရသည် မြေမြှုပ်မိုင်းထိသူများကို ဒဏ်တပ်မည့်အစား မိုင်းအသုံးပြုမှုရပ်ပြီး မိုင်းထိသူများကို ကူညီထောက်ပံ့မှုပေးသင့်သည်ဟု အဒမ်စ်ကပြောသည်။

“ဘယ်သူဘယ်ဝါ ခွဲခြားနေမှာမဟုတ်တဲ့ ဒီအသံတိတ်လက်နက်တွေကို ကြောက်နေရတဲ့ဘဝမှာ နေနေရတာဟာ ပဋိပက္ခဖြစ်ရာဒေသက သိန်းနဲ့ချီတဲ့ပြည်သူတွေအတွက် နေ့စဉ်စိမ်ခေါ်မှုတရပ်ပါပဲ” ဟု ၎င်းကပြောသည်။

နအဖစစ်အစိုးရတပ်များနှင့် အခြားလက်နက်ကိုင်အုပ်စုများ၏ မြေမြှုပ်မိုင်းထောင်မှုကြောင့် ၂၀၀၅ ခုအတွင်း လူ (၂၃၁) ဦး သေဆုံးဒဏ်ရာရခဲ့သည်ဟု နိုင်ငံတကာမြေမြှုပ်မိုင်းဆန့်ကျင်တားဆီးရေးလှုပ်ရှားမှုအဖွဲ့ (ICBL) ၏ ယခုနှစ်အစီရင်ခံစာတွင် ဖော်ပြသည်။ ■